ထုတ်ပြန်ကြေငြာချက်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့

၂၆ ရက် ဇွန်လ ၂၀၁၄ ခုနှစ်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်း ဘိန်းစိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းများ တစတစနှင့် အဆမတန် တိုးမြင့်လာခြင်းနှင့် ပတ်သက်၍ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီအနေဖြင့် ရင်လေးဖွယ်ရာဖြစ်လာ သဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအပေါ် အလေးထားဆောင်ရွက်လိုခြင်း၊ အခြားသော ဌာနဆိုင်ရာများ အဖွဲ့အစည်းအသီးသီးများနှင့်အတူ ပြည်သူလူထုတရပ်လုံး ပါဝင်ဆောင်ရွက်ရန်အတွက် တိုက်တွန်းအပ်ပါသည်။

၂။ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ဖွဲ့စည်းတည်ထောင်ပြီး ၁၉၉၉ ခုနှစ်နှောင်းပိုင်း မှစ၍ သျှမ်းပြည်နယ်အတွင်းနှင့် ထိုင်းနိုင်ငံနယ်စပ်တဝိုက် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ဆိုင်ရာ လုပ်ငန်းဆောင်တာများ မြောက်များစွာ လုပ်ဆောင်ခဲ့သည်မှာ သက်သေအထောက် အထားအခိုင်လုံရှိပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ သိရှိပြီးဖြစ်ပါသည်။

၃။ ၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၆ ရက်နေ့ တာချီလိတ်မြို့တွင် UNODC, RCSS နှင့် နိုင်ငံတော်အစိုးရအဖွဲ့တို့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲမှ သဘောတူညီချက်(၉)ချက် ရရှိပြီးနောက် မိမိတို့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လိုသော်ငြား လက်ရှိကာ လ အချိန်ထိ မည်သည့်အခြေအနေမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။

၄။ မူးယစ်ဆေးဝါးပြဿနာသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုး တည်ငြိမ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်တာများ အားလုံးကို ထိခိုက်ယိုယွင်း စေနိုင်သဖြင့် မိမိတို့အနေနှင့် နိုင်ငံရေးနည်းလမ်းဖြင့် အဆောတလျင် အဖြေရှာ ဖြေရှင်းနိုင်မှ သာ အောင်မြင်နိုင်မည်ဟု ယုံကြည်ချက်ခိုင်ခိုင်လုံလုံ ချမှတ်ထားပြီးဖြစ်ပါသည်။

၅။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရနှင့် ပူးတွဲဆောင်ရွက်ရန် ထားရှိထားသော သဘောတူညီချက်အတိုင်း နိုင်ငံတော်အစိုးရအနေဖြင့် တိကျမှန်ကန်စွာ လက်တွဲဖော်ဆောင်နိုင်စေရန် တိုက်တွန်းရင်းနှင့် မိမိတို့သဘောထားအား ထုတ်ပြန်ကြေငြာ လိုက်သည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ